
မာန်
မြေအောက်
ပင်လယ်ရဲ့
လျှို့ဝှက်ချက်
စာစဉ် - ၉

# မြေအောက်ပင်လယ်ရဲ့ လျှို့ဝှက်ချက်
## အခန်း (၉၇)
## အကျဉ်းကျခြင်း

*

အချိန်မည်မျှ ကုန်ဆုံးသွားသည်ကို မသိရဘဲ ချားလ်စ်သည် သတိပြန်လည်လာခဲ့သည်။ သတိရလာသည်နှင့် သူပထမဆုံး လုပ်ဆောင်သည့်အရာမှာ ပတ်ဝန်းကျင်ကို သတိကြီးစွာဖြင့် အကဲခတ်ခြင်းပင်။

လူနှင့်တူသော ထိုသတ္တဝါကြီးမှာ ပျောက်ကွယ်သွားပြီ ဖြစ်ပြီး သူသည်လည်း နေရာအသစ်တစ်ခုသို့ ရောက်ရှိနေသည်။

သူသည် ဆယ်မီတာပတ်လည်ခန့်သာ ရှိသော

အကျဉ်းခန်းတစ်ခုအတွင်း ပိတ်လှောင်ခံထားရပုံရ၏။ အခန်းထဲတွင် အဝေးက လေးလံသော သံတံခါးကြီးမှအပ ဘာမှမရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။

သူ၏ ပိုက်ဆံအိတ်၊ ရှေးဟောင်းပစ္စည်းများနှင့် အဝတ်အစားများအားလုံး အသိမ်းခံလိုက်ရပြီဖြစ်၏။ သူသည် ကိုယ်လုံးတီး ဖြစ်နေပေသည်။

သူ၏ လက်တုနှင့် ခန္ဓာကိုယ် ဆက်ထားသော နေရာမှ သွေးများ စိမ့်ထွက်နေသည်ကိုလည်း ချားလ်စ် သတိပြုမိလိုက်၏။ သူ သတိမေ့နေစဉ် တစ်စုံတစ်ယောက်က လက်တုကို ဖြုတ်ရန် ကြိုးစားခဲ့သော်လည်း နောက်ဆုံးတွင် မအောင်မြင်ခဲ့ပုံ ရပေသည်။

ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ချားလ်စ်သည် သူ၏ လက်ရှိအခြေအနေကို လျင်မြန်စွာ သုံးသပ်လိုက်သည်။ ထို

ထူးဆန်းသော သတ္တဝါများက သူ့ကို ဖမ်းဆီးထားခြင်း ဖြစ်သည်ဟု သူ ကောက်ချက်ချလိုက်၏။

ဝန်ခံရန် ခက်ခဲသော်လည်း ဤအခြေအနေတွင် မျှော်လင့်ချက် အလင်းလေးတစ်ခုကို သူတွေ့ရှိခဲ့သည်။ ဖမ်းဆီးသူများသည် သူ့ကို မသတ်ဘဲ အကျဉ်းချထားရုံသာ ပြုလုပ်ထားခြင်းမှာ ဆက်သွယ်စကားပြောရန် အခွင့်အရေး ရှိနေသေးသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

အချို့အရာများကို စဉ်းစားပြီးနောက် ချားလ်စ်သည် မတ်တပ်ရပ်ကာ အခန်းထဲတွင် အော်ဟစ်လိုက်၏။

"ဒီမှာ တစ်ယောက်ယောက် ရှိလား... မင်းတို့ဘာလိုချင်တာလဲ... ငါ့ရဲ့အဖွဲ့သားတွေရော ဘယ်မှာလဲ"

သို့သော် အခန်းထဲတွင် တိတ်ဆိတ်နေဆဲ

ဖြစ်သည်။ သူ၏ အသက်ရှူသံမှအပ မည်သည့် တုံ့ပြန်မှုမျှ ပြန်မလာပေ။

ချားလ်စ်သည် လေးလံသော သံတံခါးအနားသို့ ချဉ်းကပ်ကာ တံခါးတိုင်များကြားက ကျဉ်းမြောင်းသော အပေါက်မှတစ်ဆင့် အပြင်သို့ ချောင်းကြည့်လိုက်သည်။ သူ၏ အခန်းနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင်တွင် နောက်ထပ် အကျဉ်းခန်းတစ်ခု ရှိနေပုံရသည်။

တစ်ဖက်အခန်းထဲတွင် မည်သူရှိနေသနည်းဟု ချားလ်စ် လှမ်းမေးရန် ပြင်လိုက်စဉ်မှာပင် ရှုံ့ရှာဖွယ်ကောင်းသော မျက်နှာတစ်ခုက သူ၏ အမြင်အာရုံကို ပိတ်ဆို့လိုက်၏။ ထိုသတ္တဝါသည် အဝါရောင် ကြက်ခြေခတ်ပုံစံ မျက်သူငယ်အိမ်များဖြင့် အခန်းထဲသို့ စိုက်ကြည့်နေသည်။

သံတိုင်များမှာ ကျဉ်းမြောင်းလှသဖြင့် ချားလ်စ် အနေဖြင့် ထိုသတ္တဝါ၏ ရုပ်သွင်အပြည့်အစုံကို မ

မြင်ရပေ။ သို့သော် ဤသတ္တဝါသည် လာစတို အဖြစ် ဟန်ဆောင်ခဲ့သော ဘီလူးနှင့် အမျိုး အနွယ်တူ ဖြစ်နိုင်သည်ဟု သူ၏ အလိုလိုသိစိတ် က သတိပေးနေပြီ ဖြစ်သည်။

"ငါတို့ကြားမှာ နားလည်မှုလွဲတာတွေ ရှိနေပုံရ တယ်... ငါ့မှာ မကောင်းတဲ့ ရည်ရွယ်ချက် မရှိပါ ဘူး... မင်းတို့နဲ့ စကားပြောချင်တယ်"

ချားလ်စ်က ထိုမျက်လုံးတစ်စုံကို ကြည့်ကာ ဖြည်းဖြည်းနှင့် မှန်မှန် ရှင်းပြလိုက်သည်။

ဂလောက်...

သံပြားတစ်ခုက ချားလ်စ်၏ အမြင်အာရုံကို လုံး ဝ ပိတ်ဆို့သွား၏။ ဤသတ္တဝါသည် ချားလ်စ်နှင့် စကားပြောရန် ရည်ရွယ်ချက် မရှိပုံရပေ။

ရှေ့က သံတံခါးကြီးမှာ အလွန်အမင်း ထူထဲလှ သည်မဟုတ်သဖြင့် ချားလ်စ်သည် သူ၏ လက် တုကို မြှောက်လိုက်ပြီးမှ ပြန်ချလိုက်သည်။

အမှန်အတိုင်း ပြောရလျှင် သူသာ ထွက်ပြေးရန် ဆုံးဖြတ်ပါက ဤကဲ့သို့သော တံခါးမျိုးက သူ့ကို တားဆီးထားနိုင်မည် မဟုတ်ပေ။

သို့သော် မိတ်ဆွေနှင့် ရန်သူ ခွဲခြား၍မရသေးသော ဤမရေရာသည့် အခြေအနေတွင် စိတ်လိုက်မာန်ပါ လုပ်ဆောင်ခြင်းမှာ ဒုက္ခများစွာကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်သွားနိုင်ပေသည်။

ချားလ်စ်သည် နံရံကို မှီကာ ကြမ်းပြင်ပေါ်သို့ ဖြည်းဖြည်းချင်း ထိုင်ချလိုက်သည်။ အခုအချိန်တွင် သူ စောင့်ဆိုင်းရုံသာ တတ်နိုင်တော့၏။

ခြောက်နာရီခန့် ကြာသောအခါ တံခါးအောက်ခြေရှိ အပေါက်လေး ပွင့်လာပြီး အချင်းဝက် မီတာဝက်ခန့်ရှိသော သံလင်ဗန်းတစ်ခု စီးဝင်လာသည်။ ၎င်းပေါ်တွင် မည်သည့်အရာမှန်း ခွဲခြား၍မရသော ရွှံ့ရှာဖွယ် အသားစိုင်များနှင့် သွေးစများ ရှိနေပေသည်။

ဒါက သူ၏ အစားအစာလား သို့မဟုတ် တခြား တစ်ခုခုလားဆိုသည်ကို ချားလ်စ် မသေချာပေ။ သို့သော် ထိုရှုံ့ရှာဖွယ် အသားတုံးကို ကြည့်ခြင်း အားဖြင့် ထိုအရာကို စားမည့်အစား ငတ်တိုက်ခံ လိုက်ခြင်းက ပိုကောင်းမည်ဟု သူ ဆုံးဖြတ် လိုက်သည်။

တစ်နာရီခန့် ကြာသောအခါ နောက်ထပ် သံ လင်ဗန်းတစ်ခု အခန်းထဲသို့ စီးဝင်လာပြန်သည်။ ယခုတစ်ခေါက်တွင်မူ ငါးအသေများကို တွေ့ ရ၏။ ငါးမျက်လုံးများ၏ ကြည်လင်မှုကို ကြည့် ခြင်းအားဖြင့် ဤငါးများမှာ လတ်လတ်ဆတ်ဆတ် ဖမ်းဆီးထားခြင်း ဖြစ်ကြောင်း ချားလ်စ် သိလိုက်ရသည်။

သူ ပထမလင်ဗန်းကို မတို့မထိသည်ကို သိရှိပြီး နောက် အစားအစာ လဲပေးခြင်း ဖြစ်သည်ဟု သူ တွေးတောလိုက်၏။

ဤအချက်မှတစ်ဆင့် သူ နောက်ထပ် သတင်း အချက်အလက်တစ်ခု ရလိုက်သည်။ သူ အစားမ စားသည်ကို သူတို့ သိနေခြင်းမှာ ဤအခန်းကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်မှာ သေချာလှပြီ ဖြစ်သည်။

ငါးအသေများကို ကြည့်ရင်း ချားလ်စ်မှာ ငြိမ် သက်နေဆဲ ဖြစ်သည်။ မကြာမီမှာပင် နောက်ထပ် လင်ဗန်းတစ်ခု ထပ်မံ ရောက်ရှိလာ ပြန်သည်။

ယခုတစ်ခေါက် လင်ဗန်းပေါ်တွင် မြင်လိုက်ရ သည့် အရာကြောင့် ချားလ်စ်မှာ ထိတ်လန့် တုန်လှုပ်သွားရ၏။ ၎င်းပေါ်တွင် လူမျက်နှာ တစ်ဝက်နှင့်အတူ လေပြွန်ဖြင့် ဆက်သွယ်ထား သော အဆုတ်တစ်စုံ ရှိနေပေသည်။

သူသည် အမြန်ပြေးသွားပြီး ထိုလူမျက်နှာကို ကောက်ယူကြည့်လိုက်သည်။ သူသည် ထိုလူကို

ချက်ချင်း မှတ်မိသွား၏။ သူသည် စားဖိုမှူး ဖရေး ၏ လက်ထောက်ဖြစ်ပြီး နာဝေးလ် ၏ အဖွဲ့သားတစ်ဦး ဖြစ်သည်။

ချားလ်စ်၏ ရင်ထဲတွင် ဒေါသများ ပေါက်ကွဲလာပြီ ဖြစ်သည်။ သူတို့သည် သူ၏ အဖွဲ့သားကို သတ်လိုက်သည့်အပြင် သူ၏ အကြွင်းအကျန်များကို ကပ္ပတိန်ဖြစ်သူအား အစားအစာအဖြစ် လာရောက် ပေးအပ်နေကြခြင်းပင် ဖြစ်သည်။

ချားလ်စ်သည် အခုချက်ချင်း အပြင်သို့ ထွက်ကာ ထိုသတ္တဝါဆိုးများကို အကုန်သတ်ပစ်ချင်စိတ် ပေါက်နေသော်လည်း သူ စိတ်လိုက်မာန်ပါ မလုပ်နိုင်ကြောင်း သိနေသည်။ ထိုသို့ လုပ်ဆောင်ခြင်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းနှင့် အတူတူပင် ဖြစ်ပေလိမ့်မည်။

သူသည် သည်းခံပြီး အခွင့်အရေးကို စောင့်ရမည် ဖြစ်သည်။ သည်းခံစောင့်ဆိုင်းနိုင်မှသာ

ကျန်ရှိနေသော အဖွဲ့သားများကို ကယ်တင်ပြီး ဤငရဲခန်းမှ ခေါ်ထုတ်သွားနိုင်မည် ဖြစ်သည်။

ချားလ်စ်သည် သွားကို တင်းတင်းကြိတ်ကာ ဘေးက လင်ဗန်းထဲမှ ငါးအသေကို ယူပြီး အားဖြင့် ကိုက်စားလိုက်၏။ သူ၏ မျက်လုံးများမှာ ဒေါသနှင့် မုန်းတီးမှုများ ပြည့်နှက်လျက် တံခါးဆီသို့ စိုက်ကြည့်နေတော့သည်။

ချားလ်စ် ငါးစားပြီးနောက်တွင်မူ ထူးဆန်းသော လင်ဗန်းများ ထပ်မံ ရောက်မလာတော့ပေ။

မကြာမီမှာပင် အရိုးစုလက်တစ်ခု အထဲသို့ ရောက်လာပြီး လင်ဗန်းများကို သိမ်းဆည်းသွားသည်။ လင်ဗန်းများ သိမ်းဆည်းနေစဉ် ချားလ်စ်က အပြင်က သတ္တဝါများနှင့် ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။ သူတို့သည် စကားပြောရန် လုံးဝ ဆန္ဒမရှိ

ကြပေ။

ချားလ်စ်၏ ပထမဆုံး အကျဉ်းကျသည့်နေ့မှာ ဤသို့ပင် ကုန်ဆုံးသွားခဲ့သည်။

ထိုနေ့တစ်နေ့လုံး ချားလ်စ်သည် အခြားသော အသေးစိတ်အချက်အလက်များကိုလည်း သတိပြုမိခဲ့၏။ သူ၏ ထက်မြက်သော အကြားအာရုံကြောင့် တံခါးအပြင်က သတ္တဝါများ ကင်းစောင့်လဲလှယ်ချိန်ကို သူ သိရှိလိုက်ရသည်။ သူတို့သည် တစ်ဆယ့်နှစ်နာရီ တစ်ကြိမ် ကင်းလဲလှယ်ကြပုံရသည်။

ဤအချက်ကို ကြည့်ခြင်းအားဖြင့် ထိုသတ္တဝါများသည် လူမှုဆက်ဆံရေး မြင့်မားသော သက်ရှိများ ဖြစ်ကြောင်း ချားလ်စ် ကောက်ချက်ချလိုက်သည်။ သို့သော် ၎င်းမှာ သူ့အတွက် သတင်းကောင်း မဟုတ်ပေ။

အကယ်၍ ဤသတ္တဝါများသည် အုပ်စုလိုက်

နေထိုင်ကြသည်ဆိုပါက တံခါးအပြင်ဘက်တွင် မည်မျှလောက် များပြားနေမည်ကို ဘုရားသခင်သာ သိနိုင်မည် ဖြစ်သည်။ ထွက်ပြေးရန်မှာ အလွန် ခက်ခဲသော စိန်ခေါ်မှုတစ်ခု ဖြစ်လာပေလိမ့်မည်။

သို့သော် မည်မျှပင် ခက်ခဲပါစေ၊ ချားလ်စ်သည် ထွက်ပြေးရန် အစီအစဉ်ကို လက်လျှော့ရန် စိတ်ကူးမရှိပေ။

နောက်တစ်နေ့တွင် ခြေသံများ ပျောက်ကွယ်သွားသည်နှင့် ချားလ်စ်သည် သူ ကြိုတင်ပြင်ဆင်ထားသော ငါးအရိုးတစ်ခုကို ယူကာ မျက်နှာချင်းဆိုင် အကျဉ်းခန်းထဲသို့ ရောက်အောင် ပစ်ထည့်လိုက်သည်။

"ဟေး... ငါ ချားလ်စ်ပါ... ငါ့အသံ ကြားရင် တစ်ခုခု ပြန်လုပ်ပါဦး... ဟိုဘက်မှာ ဘယ်သူရှိနေတာလဲ"

ချားလ်စ်က လှမ်းအော်လိုက်၏။

မျက်နှာချင်းဆိုင် အခန်းမှ ချက်ချင်း တုံ့ပြန်မှု ရရှိခဲ့သည်။ အစိမ်းရောင် အကျီအခွံများဖြင့် ဖုံးလွှမ်းနေသော ငါးဖမ်းကောင်၏ လက်တံနှင့် တူသည့် တစ်ပိုင်းတစ်စ ပွင့်လင်းမြင်သာသော လက်တံကြီးတစ်ခုသည် အခန်းထဲမှ ထွက်လာပြီး ချားလ်စ်ထံသို့ ဦးတည်လာသည်။

၎င်းသည် အခန်းနှစ်ခုကြားက အကွာအဝေးကို ဖြတ်ကျော်ကာ ချားလ်စ်၏ အခန်းထဲသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ချားလ်စ်သည် သူ၏ရှေ့က လက်တံကြီးကို စိုက်ကြည့်နေသည်။ ခဏမျှ တုံ့ဆိုင်းနေပြီးနောက် သူ၏ လက်တုကို ထိုလက်တံပေါ်သို့ တင်လိုက်၏။

သို့သော် လက်တံနှင့် ထိတွေ့လိုက်သည့် ခဏမှာပင် လက်တံကြီးမှာ နှစ်ခြမ်းကွဲသွားပြီး ချွန်

ထက်သော သွားများ ပြည့်နှက်နေသည့် ပါးစပ်ကြီးအဖြစ် ပြောင်းလဲသွားသည်။ ၎င်းသည် ချားလ်စ်၏ လက်တုကို ကိုက်ခဲကာ အားဖြင့် ပြန်ဆွဲတော့သည်။

ထိုလက်တံမှာ အလွန်အမင်း သန်မာလှပြီး လူကြီးအယောက်ပေါင်းများစွာ၏ အားနှင့် တူညီနေပေသည်။ ၎င်း၏ ဆွဲအားကြောင့် ချားလ်စ်၏ တစ်ကိုယ်လုံး တံခါးနှင့် ကပ်သွားရ၏။

ချားလ်စ်သည် သူ၏ လက်တုမှ လွှစက်ကို ချက်ချင်း အသက်သွင်းလိုက်ရာ ထိုလက်တံကြီးမှာ ပြတ်တောက်သွားတော့သည်။ ပြတ်ထွက်သွားသော အစိတ်အပိုင်းမှာ တစ်ဖက်အခန်းထဲသို့ အတင်း ပြန်လည် ဆုတ်ခွာသွားစဉ် တိရစ္ဆာန်တစ်ကောင်၏ အော်ဟစ်သံကြီးကို ကြားလိုက်ရ၏။

သူ၏ လက်ထဲတွင် လှုပ်ရှားနေဆဲဖြစ်သော

လက်တံအစိတ်အပိုင်းကို ကြည့်ရင်း ချားလ်စ်၏ စိတ်ထဲတွင် နောက်ထပ် အတွေးတစ်ခု ဝင်လာသည်။ ဤကြောက်မက်ဖွယ်ကောင်းသော နေရာတွင် အကျဉ်းကျနေသည်မှာ သူတို့ တစ်မျိုးတည်း မဟုတ်ပေ။

မကြာမီမှာပင် အခန်းများကို စောင့်ကြပ်နေသော ရှံ့ရှာဖွယ် သတ္တဝါများ ပြန်ရောက်လာသည်။ ချားလ်စ်သည် စိတ်လိုက်မာန်ပါ ဘာမှမလုပ်ရဲပေ။ သူသည် အကောင်းဆုံး အခွင့်အရေးကိုသာ ရှာဖွေရမည် ဖြစ်သည်။

တတိယမြောက်နေ့တွင် သံတံခါးကြီး ပွင့်လာသည်။ သို့သော် ယခုတစ်ခေါက်တွင် ချားလ်စ်ကို ငါးလာပေးခြင်း မဟုတ်ဘဲ ပုံပျက်ပန်းပျက် ဖြစ်နေသော သတ္တဝါအချို့ အထဲသို့ ဝင်လာကြသည်။

သူတို့၏ ရုပ်သွင်ကို ကြည့်ခြင်းအားဖြင့် သူယခင်က တွေ့ခဲ့ဖူးသော အမျိုးအနွယ်များ

ဖြစ်ကြောင်း ချားလ်စ် သေချာသွားပြီ ဖြစ်သည်။

ယခင်က သေသေချာချာ မမြင်ခဲ့ရသော်လည်း အခုအချိန်တွင် ထိုသတ္တဝါများ၏ ရုပ်သွင်ကို အသေးစိတ် မြင်တွေ့လိုက်ရသည်။

သူတို့၏ ငါးမျက်လုံးများတွင် အဝါရောင် ကြက်ခြေခတ်ပုံစံ မျက်သူငယ်အိမ်များ ရှိပြီး အရည်ပျော်ကျနေသကဲ့သို့ ရှိသော မျက်နှာများ တွင် အနည်းဆုံး စင်တီမီတာ နှစ်ဆယ်ခန့် ရှည်လျားသော ပျော့အိအိ နှုတ်ခမ်းကြီးများ ရှိ နေကြသည်။

သူတို့၏ အသားမှာ သွေးစများနှင့် ရောထွေး နေပြီး အရေခွံကို အတင်းခွာကာ ပြောင်းပြန် ပြန်ဝတ်ထားသကဲ့သို့ ရှိနေပေသည်။

ကြောက်မက်ဖွယ်ကောင်းသော ရုပ်သွင်ရှိ သော်လည်း သူတို့ တစ်ဦးစီမှာ ညစ်ပတ်ပေရေ နေသော သားရေဝတ်ရုံများကို ဝတ်ဆင်ထားကြ

သည်။

"မင်းတို့က ဘယ်သူလဲ... ဘာလိုချင်လို့လဲ"

ချားလ်စ်က သတိကြီးစွာဖြင့် မေးမြန်းလိုက်၏။

ထိုသတ္တဝါများ၏ ရှည်လျားလှသော နှုတ်ခမ်းများမှာ လျင်မြန်စွာ တုန်ခါသွားပြီး ရေဒီယိုလှိုင်းများ ဖမ်းမရသည့် အသံများကဲ့သို့ ထွက်ပေါ်လာသည်။

သူတို့သည် ချားလ်စ်နှင့် ဆက်သွယ်ရန် ကြိုးစားနေပုံရသော်လည်း ကံမကောင်းစွာဖြင့် သူတို့၏ ဘာသာစကားမှာ ချားလ်စ်အတွက် နားမလည်နိုင်သော အသံများသာ ဖြစ်နေတော့သည်၏။

***